# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရန်ကုန်တိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့တွင် အသွားအလာကန့်သတ်ခြင်းနှင့်ပတ်သက်၍ ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်

## (၂၀-၉-၂၀၂၀) ရက်နေ့

၁။ ပြည်ပနိုင်ငံများမှ ကုန်လမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတို့ဖြင့် ပြန်လည်ရောက်ရှိလာသူများ၊ နေအိမ်တွင်နေထိုင်ရေးအစီအစဉ်(Stay at home) သတ်မှတ်ထားသော တိုင်းဒေသ ကြီး/ပြည်နယ်/မြို့နယ်/ရပ်ကွက်/ကျေးရွာများမှ ရောက်ရှိလာသူများ၊

(က) သတ်မှတ်ထားသော နေရာတွင်အသွားအလာကန့်သတ်ထားရှိခြင်း (Facility Quarantine) (၇)ရက်ထားရှိရန်၊

(ခ) သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ထားရှိသည့် ရက်မှစ၍ (၅) ရက်မြောက်နေ့တွင် ဓါတ်ခွဲနမူနာရယူစစ်ဆေးရန်၊

(ဂ) ဓာတ်ခွဲနမူနာတွင် SARS-Cov-2 ရောဂါပိုးမတွေ့ရှိပါက -

- နေအိမ်တွင် (၇) ရက် ဆက်လက်၍ အသွားအလာကန့်သတ်ထားရှိရန်၊ သွေးတိုး၊ ဆီးချို၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ ကျောက်ကပ်ရောဂါ၊ နာတာရှည်အဆုတ်ရောဂါ စသည့်ရောဂါအခံရှိသူများ၊ ကိုယ်ခံအားနည်းသူများ၊ နေအိမ်/ အခန်းသီးခြားဖြင့်နေထိုင်ခြင်းမရှိဘဲ စုပေါင်းနေထိုင်သူများနှင့်နေအိမ်တွင် သွေးတိုး၊ ဆီးချို၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ ကျောက်ကပ်ရောဂါ၊ နာတာရှည်အဆုတ်ရောဂါ စသည့်ရောဂါအခံရှိသူများ၊ ကိုယ်ခံအားနည်းသူများနှင့် အတူနေထိုင်သူများအား နေအိမ်တွင် (၇)ရက် အသွားအလာကန့်သတ်ထားရှိခြင်းအစား သတ်မှတ်ထားသော နေရာတွင် (Facility Quarantine) (၇) ရက် ဆက်လက်၍ အသွားအလာကန့်သတ်ထားရှိရန်၊

၂။ ဓါတ်ခွဲအတည်ပြု လူနာနှင့်အနီးကပ်ထိတွေ့ခဲ့သူများ (Primary Contacts)

(က) သတ်မှတ်ထားသော နေရာတွင်အသွားအလာကန့်သတ်ထားရှိခြင်း (Facility Quarantine) (၇)ရက်ထားရှိရန်၊

(ခ) စတင်တွေ့ရှိသည့်ရက်တွင် ပထမအကြိမ် ဓါတ်ခွဲနမူနာယူစစ်ဆေးခြင်းနှင့် အသွားအလာ ကန့်သတ်ထားရှိသည့်ရက်မှစ၍ (၅)ရက်မှ(၇)ရက်အတွင်း ဒုတိယ အကြိမ် ဓါတ်ခွဲနမူနာယူစစ်ဆေးရန်၊

(ဂ) ဓာတ်ခွဲနမူနာ (၂)ကြိမ် ရယူစစ်ဆေးရာတွင်SARS-Cov-2ရောဂါပိုး မတွေ့ရှိပါက နေအိမ်တွင် (၇) ရက် ဆက်လက်၍အသွားအလာကန့်သတ်ထားရှိရန်၊

၃။ ဓာတ်ခွဲနမူနာရယူစစ်ဆေးရာတွင် SARS-Cov-2 ရောဂါပိုး မတွေ့ရှိပါက တာဝန်ကျ ဆရာဝန်မှ သတ်မှတ်ထားသောနေရာတွင် **(**Facility Quarantine**)**ဆက်လက်ထားရှိ၍ စောင့်ကြပ်ကြည့်ရှုရန်လိုအပ်သည်ဟု ဆုံးဖြတ်ပါက Facility Quarantine တွင်ဆက်လက် ထားရှိရန်

၄။ နေအိမ်တွင်အသွားအလာကန့်သတ်ထားရှိစဉ် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ လိုက်နာနေထိုင်ရန်၊

**နေအိမ်တွင် အသွားအလာကန့်သတ်ထားရှိခြင်းအားစနစ်တကျနှင့်ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်းပါဝင်ပံ့ပိုးဆောင်ရွက်မည့် အဖွဲ့အစည်းများ ဆောင်ရွက်ရမည့် လုပ်ငန်းများ**

၁။ ရပ်ကွက်၊ ကျေးရွာများအလိုက် ရောဂါစောင့်ကြပ်ကြည့်ရှုမည့် အဖွဲ့ငယ်များ ဖွဲ့စည်းရန်၊ အဆိုပြုဖွဲ့စည်းပုံ

- ဒေသဆိုင်ရာအာဏာပိုင် (၁) ဦး(အုပ်ချုပ်ရေးလုပ်ငန်းဆိုင်ရာ စီမံဆောင်ရွက်ရန်)
- ကျန်းမာရေးဝန်ထမ်း (၁) ဦး
- စေတနာ့ဝန်ထမ်း (၁၀-၁၅) ဦး

၂။ မိမိတို့ တာဝန်ကျရာ ရပ်ကွက်၊ ကျေးရွာအတွင်း နေအိမ်တွင် အသွားအလာကန့်သတ်ထားရှိသူများ၏ အမည်၊ အသက်၊ နေရပ်လိပ်စာတို့အား စာရင်းပြုစုထားရှိရန်၊

၃။ နေအိမ်တွင် အသွားအလာကန့်သတ်ထားရှိစဉ် အသွားအလာကန့်သတ်ထားရှိသူများ၏ နေ့စဉ်စားသောက်နေထိုင်မှု အဆင်ပြေစေရေးအတွက် ဒေသဆိုင်ရာအာဏာပိုင်များနှင့် စေတနာ့ ဝန်ထမ်းများမှ တတ်နိုင်သမျှ ကူညီပံ့ပိုးပေးရန်၊

၄။ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအာဏာပိုင်များနှင့် စေတနာ့ဝန်ထမ်းများမှ နေ့စဉ် တယ်လီဖုန်းဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းအား ဆောင်ရွက်၍ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်း (သို့မဟုတ်) ဌာနသို့ ချက်ချင်း သတင်းပေးပို့ရန်၊

၅။ သံသယလက္ခဏာ တစ်စုံတစ်ရာပေါ်ပေါက်ပါက ကျန်းမာရေးဝန်ထမ်းအား ချက်ချင်း သတင်းပို့ရန်နှင့် ကြိုတင်စီစဉ်ထားသော ဆေးရုံ/ အဆောက်အဦသို့ သတ်မှတ်ထားသော လူနာလွှဲပြောင်းမှု အစီအစဉ်ဖြင့် လွှဲပြောင်းကုသနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

# ရန်ကုန်တိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့တွင် အသွားအလာကန့်သတ်ခြင်းနှင့်ပတ်သက်၍ ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်

(၂၀-၉-၂၀၂၀)

ပြည်ပနိုင်ငံများမှ ကုန်းလမ်း၊ရေလမ်း၊ လေကြောင်းလမ်းတို့ဖြင့် ပြန်လည်ရောက်ရှိလာသူများ

နေအိမ်တွင်နေထိုင်ရေးအစီအစဉ် (Stay at home ) သတ်မှတ်ထားသော တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်/ရပ်ကွက်/ကျေး ရွာများမှ ရောက်ရှိလာသူများ၊

ဓါတ်ခွဲအတည်ပြုလူနာနှင့်အနီးကပ်ထိတွေ့ခဲ့သူများ (Primary Contacts)

သတ်မှတ်ထားသော နေရာတွင်အသွားအလာကန့်သတ်ထားရှိခြင်း (Facility Quarantine) (၇)ရက်ထားရှိ၍ အသွားအလာကန့်သတ်ထားရှိသည့်ရက်မှစ၍(၅)ရက်မြောက်နေ့တွင် ဓါတ်ခွဲနမူနာ (၁)ကြိမ် ရယူစစ်ဆေးရန်၊

သတ်မှတ်ထားသော နေရာတွင်အသွားအလာကန့်သတ်ထားရှိခြင်း (Facility Quarantine) (၇)ရက်ထားရှိ၍ စတင်တွေ့ရှိသည့်ရက်တွင် ပထမအကြိမ် ဓါတ်ခွဲနမူနာယူစစ်ဆေးရန် နှင့် အသွားအလာကန့်သတ်ထားရှိသည့်ရက်မှစ၍ (၅)ရက်မှ(၇)ရက် အတွင်း ဒုတိယအကြိမ် ဓါတ်ခွဲနမူနာယူစစ်ဆေးရန်၊

ဓါတ်ခွဲနမူနာတွင် SARS-Cov-2 ရောဂါပိုးမတွေ့ရှိပါက

ဓါတ်ခွဲနမူနာတွင် SARS-Cov-2 ရောဂါပိုးတွေ့ရှိလျှင်

ဓါတ်ခွဲနမူနာ(၂)ကြိမ်စလုံးတွင် SARS-Cov-2 ရောဂါပိုးမတွေ့ရှိပါက

အထူးစဉ်းစားရန်အချက်များ ရှိ/မရှိစိစစ်ရန် သွေးတိုး၊ ဆီးချို၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ ကျောက်ကပ်ရောဂါ၊ နာတာရှည်အဆုတ်ရောဂါ စသည့် ရောဂါအခံရှိသူများ၊ ကိုယ်ခံအားနည်းသူများ၊ နေအိမ်/အခန်းသီးခြားဖြင့် နေထိုင်ခြင်း မရှိဘဲစုပေါင်းနေထိုင်သူများနှင့်နေအိမ်တွင် သွေးတိုး၊ ဆီးချို၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ ကျောက်ကပ်ရောဂါ၊ နာတာရှည်အဆုတ်ရောဂါ စသည့်ရောဂါအခံရှိသူများ၊ ကိုယ်ခံအားနည်းသူများနှင့် အတူနေထိုင်သူများ

သတ်မှတ်ထားသော ဆေးရုံသို့စနစ်တကျ လွှဲပြောင်းကုသရန်

ဆရာဝန်မှ စောင့်ကြပ် ကြည့်ရှုရန် လိုအပ်သည်ဟု ဆုံးဖြတ်သူများ

နေအိမ်တွင် (၇) ရက် ဆက်လက်၍ အသွားအလာကန့်သတ်ထားရှိရန်

အထူးစဉ်းစားရန် အချက်များမရှိပါက

အထူးစဉ်းစားရန်အချက် များရှိပါက

သတ်မှတ်ထားသောနေရာတွင် (Facility Quarantine) (၇) ရက် ဆက်လက်၍ အသွားအလာကန့်သတ် ထားရှိရန်၊

နေအိမ်တွင် (၇) ရက် ဆက်လက်၍ အသွားအလာကန့်သတ်ထားရှိရန်